သ.ဒ.စာ ၁-၂၈

# သတင်းစကား

ဝိညာဉ်ရေးစာစောင်

တွေ့မြင်ကြုံးမှ မိမိတို့ကြားသော ထိုသူငယ်၏
အကြောင်းစကားကို အစဉ်အမြဲပြောကြ၏ လုကာ ၂း၁၇

အမှတ်စဉ်(၂၀) ဒီဇင်ဘာလ ၂၀၀၃ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ဝေသည် )

# ပျော်ရွှင်သော ခရစ္စမတ် ဖြစ်ပါစေ

MERRY CHRISTMAS TO YOU ALL ဆိုတဲ့ ခရစ္စမတ် နှုတ်ခွန်းဆက်စကားကို ဒီဇင်ဘာလ ရောက်တိုင်း ကျွန်တော်က သူငယ်ချင်းတွေကို နှုတ်ဆက်တတ်သလို၊ သူတို့ကလဲ ကျွန်တော့်ကို ပြန်ပြီး နှုတ်ဆက်တတ်ပါတယ်။ ခရစ္စမတ်မှာ သူတို့ တကယ် ပျော်၊ မပျော် ကျွန်တော် သေချာမသိပေမဲ့ ကျွန်တော် ကိုယ်တိုင် ပျော်ခဲ့ဖူးတဲ့ ခရစ္စမတ်တချို့ကို စားမြုံ့ပြန် ပြုရမယ် ဆိုရင်တော့ ...

၁၉၇၉ခုနှစ် ဒီဇင်ဘာလ – အဲဒီနှစ်ဟာ ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံး ပျော်ခွင့်ရတဲ့ ခရစ္စမတ်ပါဘဲ။ဘာဖြစ်လို့လဲဆိုတော့ CAROL SINGING လိုက်ဆိုခွင့် ရလို့ပါဘဲ။ ကျွန်တော်တို့ အသင်းတော်မှာ ကလေးတွေ ( သင်းအုပ် နဲ့ သင်းထောက်လူကြီး သားသမီး တွေကလွဲရင်) သီချင်းလိုက်ဆိုခွင့် မရှိပါဘူး။ ဒါပေမဲ့ အဲဒီနှစ်မှာ ကျွန်တော့်ကို သီချင်းလိုက်ဆိုဖို့ အမေ နဲ့ ကျောင်းအုပ်ဆရာ က ခွင့်ပြုလိုက်လို့ပါဘဲ။ ဒါတောင် ကျွန်တော် သီချင်းမဆိုတတ်လို့ မဆိုခဲ့ပါဘူး။ သီချင်းစာသားနဲ့ သံစဉ်တွေကိုလဲ မရဘူး။ သီချင်းဆိုတဲ့အဖွဲ့ ညအမှောင်မှာ သီချင်းစာအုပ်ကြည့်ပြီး ဆိုနိုင်ဖို့ ကျွန်တော်က ဘက်ထရီအိုးနဲ့ မီးချောင်းထမ်းဖို့ လိုက်ရင်းနဲ့ CAROL SINGING လိုက်ဖြစ်သွားတာပါ၊

* ၁၉၈၃ ခုနှစ် ဒီဇင်ဘာလ – အဲဒီအချိန်မှာ ကျွန်တော်က ဆန်းဒေးစကူး ဆရာဖြစ်နေပါပြီ။ ကျွန်တော့်အိမ် နောက်ဖေးလမ်း (ကွင်းမွှေးလမ်း) ထဲက အိမ်တစ်အိမ်မှာ ကလေးတွေကို ဆန်းဒေးစကူး သင်ပေးနေပါတယ်။ နှစ်စဉ်နှစ်တိုင်း CAROL SINGING ထွက်ဆိုလေ့ရှိတဲ့ ကျွန်တော်တို့ ကွင်းမွှေး ဆန်းဒေးစကူး အဖွဲ့ဟာ သီချင်းဆိုလို့ရတဲ့ အလှူငွေတွေထဲက တဝက်ကို ခရစ်ယာန်စာရေးဆရာ တချို့ကိုပေးခဲ့ပါတယ်၊ ကျန်တဲ့ငွေကိုတော့ မေမြို့ကျက်မင်း နားမကြားကျောင်းက ခွဲ့အ နားမကြားတဲ့ ကလေးတွေအတွက် စာရေးကိရိယာတွေဝယ်ဖို့ သွားလှူခဲ့ပါတယ်။ အရင်နှစ်တွေက ယုံကြည်သူ အချင်းချင်းရဲ့ အိမ်တွေမှာ သီချင်းသွားဆိုကြတဲ့အခါ အိမ်ရှင်တွေ ပေးလိုက်တဲ့ အလှူငွေကို ယူ၊ ကျွေးလိုက်တဲ့အစာကို စား၊ သမရိုးကျ လုပ်ခဲ့ကြပေမဲ့ ဒီနှစ်မှာတော့ ယုံကြည်သူအိမ်တွေဆီသွားပြီး သီချင်း ဆိုတဲ့အခါ အလှူငွေ လုံးဝမယူဘဲ သီချင်းဆိုရင်း ဧဝံဂေလိတရား ဟောချက်ပါတဲ့ စာစောင် ဝေခဲ့ပါတယ်။ ကရင် အမျိုးသား တစ်ယောက်က ကျွန်တော်တို့ အဖွဲ့ကို ဘာပြောသလဲ ဆိုတော့ " ဟေး – ငါ တစ်သက်မှာ အလှူငွေ မယူတဲ့ သီချင်းအဖွဲ့ကို ဒီတစ်ခေါက် မှဘဲ မြင်ဖူးတော့တယ်"လို့ အော်ပြီးပြောပါတယ်။ အဲဒီနှစ်က ခရစ္စမတ်မှာ ကျွန်တော် သိပ်ပျော်ပါ တယ်။

* ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ – နောက်တစ်နှစ်မှာတော့ ယုံကြည်သူတွေ အိမ်ကိုမသွားဘဲ၊ မယုံကြည်သူတွေအိမ်ကို သွားခဲ့ပါတယ်။ ဆန်းဒေးစကူး ကလေးတွေကို သူတို့နဲ့ အရင်းနှီးဆုံး မယုံကြည်သူ သူငယ်ချင်းတစ်ယောက်ယောက်ကို ခွင့်တောင်းပြီး ဒီည သူ့အိမ်မှာ ခရစ္စမတ် သီချင်း လာဆိုမဲ့အကြောင်း ဘာမှ ထွေထွေထူးထူး စည့်ခံစရာ မလိုကြောင်း၊ အလှူငွေလဲ ထည့်ဖို့ မလိုကြောင်း၊ ကြိုပြောထားခဲ့ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲမှာလဲ ဘုရားကျောင်း တော်တော်များများက သူတို့အသင်းသားတွေရဲ့ အိမ်တွေကိုဘဲ သီချင်းလိုက်ဆိုလေ့ရှိပြီး မယုံကြည်သူတွေရဲ့ အိမ်ကို မဆိုဘဲ ကျော်သွားလေ့ရှိပါတယ်။ အဲဒီနှစ်မှာတော့ အရင်နှစ်တွေက ကျော်သွားလေ့ရှိတဲ့ မယုံကြည် သူအိမ်တွေကိုဘဲ တမင်သက်သက် ရွေးပြီး သီချင်းဆိုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော်နေတဲ့ ရပ်ကွက်က ခရစ်ယာန်ရပ်ကွက်ဆိုတော့ ဒီဇင်ဘာလ ဆိုရင် ရပ်ကွက်ထဲမှာ သီချင်းလိုက်ဆိုတဲ့ အဖွဲ့တွေ ခြေချင်းလိမ်လို့နေပါတယ်။ ကျွန်တော်တို့ရပ်ကွက်နဲ့ နယ်မြေချင်း ဆက်နေတဲ့ နောက်ရပ်ကွက်တစ်ခုမှာတော့ မယုံကြည်သူ အိမ်ထောင်စုတွေ အနေများတာကို့ ဒီဇင်ဘာလဆိုရင် ကျွန်တော်တို့ ရပ်ကွက်က သီချင်းသံနဲ့ ပျော်နေကြပေမဲ့ အဲဒီရပ်ကွက်ကတော့ တိတ်ဆိတ်လို့နေ ပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ အဲဒီရပ်ကွက်ထဲ သီချင်းသွားဆိုကြပါတယ်။ ရပ်ကွက်ထဲဝင်လိုက်တော့ တရပ်ကွက်လုံး မှောင်မဲတိတ်ဆိတ်လို့နေပါတယ်။ ကြိုတင် ခွင့်တောင်းထားတဲ့အိမ်ရှေ့မှာ ကျွန်တော်တို့ ကလေးအဖွဲ့ရပ်ပြီး သီချင်း အေးအေးလေးနဲ့ စဆိုပါတယ်။ ကလေးတွေအားလုံးရဲ့ စိတ်ထဲမှာ မယုံကြည်သူ အိမ်က ကောင်းကောင်းဧည့်ခံပါ့မလား၊ ခွေးနဲ့ ရှူတိုက်မလား၊ မောင်းထုတ်မလား ဆိုပြီး ကလေးတွေပီး ရင်ထိတ်နေကြပါတယ်။

ပထမဆုံး သီချင်းတစ်ပုဒ် ဆုံးခါနီးမှာ အိမ်တံခါးပွင့်လာပြီး ကျွန်တော့ ဆန်းဒေးစကူး ကလေး ရဲ့ သူငယ်ချင်း အိမ်ရှင်ကလေးနဲ့ မိဘတွေထွက်လာကြပါတယ်၊ ပြုံးပြုံးရွှင်ရွှင်ဧည့်ခံကြပါတယ်။ သီချင်းဆိုနေတုံးမှာ ဘေးအိမ်တွေကလဲ မီးပွင့်လာပြီး ထွက်ကြည့်ကြပါတယ်။ တရပ်ကွက်လုံးနီးပါးက မယုံကြည်သူတွေဟာ ကျွန်တော်တို့ ဆန်းဒေးစကူး သီချင်းအဖွဲ့ကို ဝိုင်းအုံပြီး ကြည့်နေကြပါတယ်။ နှစ်တိုင်းကျော်သွားတဲ့ ခရစ္စမတ်သီချင်း ဆိုတဲ့ အဖွဲ့က သူတို့အိမ်မှာ ဆိုက်ဆိုက် မြိုက်မြိုက် သီချင်းလာဆိုတာကို့ လူတွေအုံပြီး ဝိုင်းကြည့် ကြပါတယ်။ အဲဒီအိမ်ပြီးလို့ ပြန်ဖို့ပြင်နေတဲ့ ကျွန်တော်တို့အဖွဲ့ကို ဘေးအိမ်က သူတို့အိမ်မှာလဲ လာဆိုဖို့ လှမ်းဖိတ်ပါတယ်။

မယုံကြည်သူ ရပ်ကွက်ထဲကလူတွေဟာ ကျွန်တော်တို့ အဖွဲ့ သွားတဲ့နောက်ကို တကောက်ကောက် လိုက်ကြပါတယ်။ အလှူငွေထည့်သလို မုန့်ပဲသရေစာလဲကျွေးပါတယ်၊ ငွေကိုတော့ ကျွန်တော်တို့ မယူပါဘူး။ မုန့်တော့စားပါတယ်။ သီချင်းလိုက်ဆိုကြတဲ့ ဆန်းဒေးစကူး ကလေးတွေကလဲ မမောကြပါဘူး။ အဖွဲ့သားတွေထဲမှာ ကျွန်တော်တစ်ယောက်ထဲ အသက်အကြီးဆုံးဖြစ်ပြီး ကျန်တဲ့ ကလေးတွေဟာ အသက် ၁၀နှစ်နဲ့ ၁၅ နှစ်ကြားမှာရှိတဲ့ ကလေးတွေဘဲ ဖြစ်ပါတယ်။ သီချင်းလိုက်ဆိုတဲ့ ကျွန်တော်တို့အဖွဲ့က ဧဝံဂေလိ စာစောင်တွေကိုလဲ ဝေပါတယ်။ အိမ်ရှင်တွေက မုန့်ပြန်ကျွေးပါတယ်၊ နောက်နှစ်မှာလဲ လာဆိုဖို့ ဖိတ်လိုက်ပါသေးတယ်။ နှစ်ဘက်စလုံး အပျော်တွေ ကိုယ်စီရသွားကြပါတယ်။ မှတ်မှတ်ရရ ပျော်စရာ ခရစ္စမတ် တစ်ညပါဘဲ။

* ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ – ကျွန်တော်တို့ ဟိုက်ပါဝါမိတ်သဟာယ အဖွဲ့က လူငယ်တွေ Carol Singing ထွက်ဆိုကြပါတယ်။ ရပ်ကွက်ထဲက အဆင်းရဲဆုံး ယုံကြည်သူ အိမ်ထောင်နဲ့ မယုံကြည်သူ အိမ်ထောင်တွေကို အစီက ပစ်မှတ်ထားပြီး ထွက်ဆိုကြတာပါ။ မဆိုခင် ကြိုတင် စာရင်းယူလိုက်တော့ မယုံကြည်သူ နှစ်အိမ်ထောင်၊ အဆင်းရဲဆုံး ယုံကြည်သူ ခြောက်အိမ်ထောင် ရပါတယ်။ ကျွန်တော်ရယ်၊ သက်ထားဝေ ဖူဇင်း အယ်ဒီတာရယ်၊ ဟိုက်ပါဝါ မိတ်သဟာယက အဖွဲ့ဝင် ငါးယောက်ခြောက်ယောက်ရယ်၊ မယုံကြည်သူတွေ အိမ်ကို စာစောင်ဝေတယ်၊ ဆုတောင်းပေးတယ်၊ ပြီးတော့ ခရစ္စမတ် အခမ်းပွဲယ်ကို ဖိတ်ကြပါတယ်။ ဆင်းရဲသား ယုံကြည်သူ အိမ်ထောင်တွေကိုတော့ ဆုတောင်း ပေးတယ်၊ ယူလာတဲ့ လက်ဆောင်တွေပေးတယ်။ အရမ်းဆင်းရဲတဲ့ အိမ်ကို စောင်နဲ့ အဝတ်အထည်တွေပေးတယ်၊ အသင့်အတင့်အိမ်တွေကိုတော့ ကုလားပဲ၊ ကိတ်မုန့်၊ ကြက်သွန်နီ တွေပေးပါတယ်။ အိမ်ရှင်တွေက အလှူငွေ ပြန်ပေးပေမဲ့ ကျွန်တော်တို့ မယူပါဘူး။

အခု စင်ကာပူရောက်နေတော့ ပျော်စရာ ခရစ္စမတ်တွေနဲ့ ဝေးနေခဲ့တာ ကြာပါပြီ ၊ အရင်တုံးက ပျော်ခဲ့ဖူးတဲ့ ခရစ္စမတ်တွေကို ပြန်ပြောင်း သတိရရင်း ဒီနှစ် ခရစ္စမတ်မှာ ကျွန်တော် တကယ်ပျော်နိုင်ပါ့မလား ။ ကျွန်တော့် မိတ်ဆွေတွေရော ပျော်ပါ့မလား၊ ခရစ္စမတ်ရဲ့ အရှင်သခင် ယေရှုခရစ်တော်ရော ကျွန်တော်တို့ကို ကြည့်ပြီး ပျော်နိုင်ပါ့မလားလို့ ရင်ခုန်ရင်း စောင့်မျှော်နေမိပါတော့တယ်။ ။

[ ဖင်းအောင်သက်လွင် ]

သခင်ဇာကား ၂-၂၈

## အတု

နှင်း အတု၊ ပန်း အတု၊ ရောင်စုံမြည်း အတု၊
ထင်းရှူးပင် အတု ၊ ဆန်တာကလော့စ် အတုတွေနဲ့
ခရစ္စမတ် အတု ကို ၊ ရင်ထဲမှာ စိုးလိုးစုလု
ရာစုနှစ် တစ်ခုပြီး တစ်ခု ကျင်းပနေတဲ့ မင်းတို့ကို ...
ဘာတန်မှာဂ်နတ် က ၊ အဆံမပါ အခွံသက်သက်နဲ့
ဗလာမေတ္တာ ရုမက်စ်ွတ်တဲ့ ၊
လက်ဆောင် အတုကြီး ပေးလိမ့်မယ်။
(ဇင်ကာပူ ခရစ္စမတ် အတွေ့အကြုံ အမှတ်တရ ...)
[ အကိစစ ]

## ခေါင်းကြိုးပြတ်တဲ့ည

နိုင်ငံခြားပြန် မော်ဒန်ဟန် ၊ ခရစ်ယာန် တစ်ချို့ရဲ့
အဆံ မပါတဲ့ ခရစ္စမတ် ည ၊
ခေတ်ဆန်တဲ့ ဘုရားကျောင်းကြီးထဲမှာ
ဂီတသံ ၊ သီချင်းသံ ၊ ရယ်မောသံ တညံညံ ။
ရေမွှေးနံ့ ၊ ဆေးလိပ်နံ့ ၊ ယမကာနံ့ သင်းပျံ့ပျံ့ ။
ရွှေရောင် ၊ စိန်ရောင် ၊ ငွေကျောက်ရောင် လက်ပြောင်ပြောင်တွေနဲ့
ပြောင်းဆန်နေချိန်မှာ သူတို့ ဟစ်အော်လိုက်တဲ့
ခရစ္စမတ် နှုတ်ဆက်စကားက ...
Merry Christmas To You All တဲ့ ။

(အဲဒီအချိန်)
ဘုရားကျောင်း ဝေးခြံက အကြေးရုံပြီး
အေးမှန်မှန် မသောက်နိုင်လို့ ၊ တွေးခံမှာ ရွေးသည်ပင်တွေနဲ့
အေးစိမ့်ညမှာ ထွေးသိပ်စရာ ဂုန်နီအိတ်တောင် မရှိတဲ့အမြင်
တဲပျက်ထဲမှာ ၊ သေမင်း အမဲဖျက်တာကို
အလူးအလဲခံနေတဲ့ ရင်ကျုပ်ပန်းနာသည် ကိုဝမ္မ ။
မွေးနေ့တော် လ ရာသီမို့ ၊ ပြေလို့မပျော် ကိုက်ချင်းမဲ့
ရှူ...ရှိုက်လို့ ခေါ်ါးမဖေဖိနိုင်ပါဘူး ၊
သူ့ရဲ့ နောက်ဆုံးအချိန်ကို နှုတ်ဆက်ဖို့နဲ့
သူ့ရဲ့ ဆင်းရဲဒုက္ခတာကို ဆက်အမွေခံမဲ့
ပုမယ် ကလေး ငါးယောက် ၊
ကိုးပါခန်းဆောင် ဇနီးသည်တို့ရဲ့ မျက်ဝန်းမှာ
ဒီရေလျှံတဲ့ မြစ်အခင်းဆင်း ဖြစ်ထွန်းလို့နေလေရဲ့။
Merry Christmas လား ၊ Dirty Christmas လား
Happy Christmas လား၊ Lucky Christmas လား၊
ဘယ်သူမှ ကွဲကွဲပြား ခွဲခြားနိုင်ခင်မှာ ၊ ကိုဝမ္မ ရဲ့
နောက်ဆုံး ထွက်သက် နဲ့အတူ ဖုတ်လှိုက် ရင်အစုံပေါ်
အကြောပြိုင်း လက်ချောင်းတွေနဲ့ လက်အုပ်ချီ ဆုတောင်းရင်း
ဘလောကလုံးကို နှုတ်ဆက်လိုက်တဲ့
ခရစ္စမတ် နှုတ်ဆက် စကားက ...
Sorry Christmas To You All တဲ့ ။

ဒီအသံကို ဘုရားကျောင်းထဲက
အပျော်လွန်သူ တစ်ချို့ မကြားလိုက်ကြမဲ့
ကောင်းကင်ဘုံ အရှင်အဖျားက
မြေကြီးသားတွေကို စိတ်ဝင်စားနေတဲ့ သခင်ဘုရားထံပါး ၊
နားနဲ့ ဆတ်ဆတ် ကြားလိုက်ရတာမို့
ကောင်းကင်ဘုံ ပလ္လင်နား ခစားပြီး ၊ ဂုဏ်တော် သီကျူးနေတဲ့
ကောင်းကင်ဘုံ သံစုံတီးဝိုင်းတွင်း ၊
ကောင်းကင်တမန် သရုပ်ရဲ့ လက်ထဲက
စောင်းကြိုး ပြတ်လို့သွားလေရဲ့ ။ ။ [ ဗင်းအောင်သက်လှိုင် ]

## တို့ငယ်တုံးက ခရစ္စမတ်

မှတ်မိသေးလား၊ သူငယ်ချင်းရေ
မင်းရယ်၊ ငါရယ် ပျော်ရွှင်ခဲ့တဲ့
ငယ်စဉ်တုံးက ခရစ္စမတ်မှာ
တစ်၊ နှစ်၊ သုံး လို့တိုင်ပင်ယူ
ညီညီညာညာ သံပြိုင်အော်ခဲ့
"မဂ်ဂီးခရစ္စမက် ကူးယူးအော" တဲ့
ဆန်းဒေးစကူးက တေးသီချင်းတွေ
တစ်အိမ်တက်ဆင်း သီဆိုရင်းပေါ့
စိမ်းစားဘာစိတ္တဲ့ ၊ ထန်းလျက်ခဲနဲ့
အကြွေတစ်မတ် ၊ ငွေတစ်ဆ ကို
စုတ္တူလုလု ပတ်သားတာလဲ ရှူးတယ်။
တစ်ခါတစ်လေ ၊ ပေါက်ကရ မိုးပြီး
ထွက်ပြေးရင်းက ရီခဲ့ကြဖူးတယ်နော်။
ဘယ်သို့ ပြောပြော ၊ ဘယ်သဘော ဖြစ်ဖြစ်
ကလေးဘဝ ပျော်ရွှင်ခဲ့ကြ
တို့များ ၊ ငယ်ငယ် ခရစ္စမတ်တုံးက
ကြားဖူးတာလေး ပြောပြချင်တယ်
သူငယ်ချင်းရေ။
"လောက ဝမ်းမြောက် ဘုရား ကြွလာ" တဲ့။
ခုတော့ သူငယ်ချင်းရေ
အရက်သမား ဝမ်းမြောက် ဘုရား
ကြွလာသလားကွယ်။
ခရစ္စမတ် ရောက်ရင်ဖြင့်
အဖော်အသင်း တွေနဲ့
ပျော်ရွှင်ခြင်း ဆိုတဲ့ အရာကို
အလင်းအမှောင် ၊ ပုလင်းထောင်ပြီး
ကြိုဆိုနေကြပုံများ
နောက်နောင် လူတွေ အမြင်မှာဖြင့်
ခရစ္စမတ်ဆိုတာ ပုလင်းနဲ့ပါလားလို့
ထင်မြင်မှာတောင် စိုးရတယ်ကွယ်။
ရင်ဝယ်တမ်းတ ကျော်လွန်ခဲ့တဲ့
ခရစ္စမတ်ကို
မင်းရော ငါ့လိုဘဲ
တိတ်တိတ်ကလေး ကြေကွဲစွာနဲ့
လွမ်းနေမလား။
ဒေးဒေး [အင်းစိန်]
Blue Star Brother

## တိရိစ္ဆာန်လေးကောင်နဲ့ ခရစ္စမတ် ညပေါင်း နှစ်ထောင်

*မြည်းငယ်လေးက နာခံကာ
ကယ်တင်ရှင်ကို သယ်ဆောင်လာ
*ကောင်းကင်တမန် သတင်းစကား ၊
သိုးငယ်လေးက နားနဲ့ကြား ။
*မမော မပန်း ခရီးနှင်၊
ကယ်တင်ရှင်ကို ဖူးမျှော်ချင်၊
သူ့ကျောကုန်းမှာ ဘို့ နှစ်လုံး၊
ကုလားအုတ်ကြီး တပြုံးပြုံး။
*သူငယ်ယေရှု ဖွားမြင်လာ ၊
တည်းခိုရာ မရှိပါ ၊
နွားငယ်လေးက နေရာပေး ၊
သူနေထိုင်တဲ့ တင်းကုတ်လေး ။
*တိရိစ္ဆာန်လေးကောင်
ပေါင်းရှုက်ဆောင်၊
သာသနာ့ မီးလင်းပြောင်
နှစ်ပေါင်း နှစ်ထောင် ကျော်ခဲ့ကြ၊
ပျော်စရာ ခရစ္စမတ်ည ။
( ပထမဦးဆုံး ခရစ္စမတ်ညက
တိရိစ္ဆာန် လေးကောင်ဟာ ကယ်တင်ရှင်
အတွက် အလုပ်ရှုပ်နေချိန်မှာ
ကျွန်ုပ်တို့ လူသားတွေ ဘာလုပ်
နေကြပါသလဲ)
[ သားတော်မောင် အလိမ္မာ ]

## မွေးနေ့ ပေါ်ပွဲ

မိုး အကုန် ၊ ဆောင်း အကူး
မြောက်ပြန် လေရူး၊ သုန်သုန် လူး
နှင်းမြူ ပေမာန်ဦး။

ဆောင်းတာမင်း လ ၊ ဝင်းပပ
ငွေအင်ကြျယ်နဲ့ တွဲလို့ က
ပေမာန် ဆောင်းတည ။

မြူနှင့် နှင်းပွင့် မြေပေါ် ခ
တောနှင်းပန်းနဲ့ ဆုံဆည်းကြ
ပေမာန်ဦး အလှ ။

ကောင်းကင်တခါး ဖွင့်လို့ဟ
ကောင်းကင်တမန်များ ဆင်းသက်ကြ
သိုးထိန်း ပျော်တဲ့ ည ။

ချစ်ခြင်းမေတ္တာ ပေါင်းဆက်ကူး
လူသားအားလုံး ရွှင်ပျော်မြူး
မွေးနေ့ရက်မြတ် ထူး ။

[ မိုးတောက် ]

သင်ခန်းစာ: ၃-၂၈

# ခရစ်တော်၏ရုပ်ပုံလွှာ—၂

## တန်ခိုးကြီးမားသော ဘုရား

❋ နာမတော်မူကား … တန်ခိုးကြီးသော ဘုရားသခင် … ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ [ ဟေရှာယ ၉း၆ ]

ခရစ်တော်သည် တန်ခိုးကြီးမားသော ဘုရားဖြစ်သည်၊ သို့သော် လူအများစုက ဤအချက်ကို လက်မခံနိုင်ကြပါ။ ဤ အချက် မှန်ကန်ကြောင်း သမ္မာကျမ်းစာ၊ သမိုင်း အထောက်အထားနှင့် လူသားများ၏ အတွေ့အကြုံ က အကောင်းဆုံးအရာဖြစ်ကြောင်း ထောက်ခံပေးနေပါသည်။

ရှင်ယောဟန် ရေးသားသော ခရစ်ဝင်ကျမ်း နိဂါန်းပိုင်းတွင် ကျွန်ုပ်တို့အတွက် အစီရင်ခံချက်တစ်ခုအား ရေးသားဖော်ပြခဲ့ပါသည်။ ထိုအရာသည် လူသားများ ပြုလုပ်နိုင်သည့် စွမ်းရည်ထက် ကျော်လွန် သော ယေရှုခရစ်တော်၏ စွမ်းရည် ၃ ချက်ဖြစ်ပါသည်။

၁) သူသည် ထာဝရ တည်ရှိနေသည့် ဘုရားဖြစ်သည်။ ( အစအဦး၌ နှုတ်ကပါဏ်တော် ရှိ၏ )

၂) သူသည် ခမည်းတော် ဘုရားသခင်နှင့် အဆက်အသွယ်မပြတ် မိတ်သဟာယဖွဲ့လျက်ရှိသည်။ ( နှုတ်ကပါဏ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။)


၃) သူသည် ဘုရားသခင် ဖြစ်တော်မူ၏။ ( နှုတ်ကပါဏ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏ )

ထိုကျမ်းစာ၏ နိဒါန်းပိုင်းမှာပင် …

**ထိုနှုတ်ကပါဏ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းကွာလျက်ဖြစ်သော အရာ တစုံတခုမျှ မရှိ၊ ယောဟန် ၁း၃ ။** ဟိုသော အချက်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုနည်းတူစွာ သခင်ယေရှု၏ ဖန်ဆင်းခြင်းအကြောင်းကို ရှင်ပေါလု မှ ကောလောသဲ ၁း၁၆ တွင် ဤသို့ဖော်ပြထားပြန်ပါသည်။

**ထိုသားတော်သည်ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်း အနိုင်ပြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတော်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း ထိုသခင် အဖို့အလို့ငှာလည်းကောင်း ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။**

ခရစ်တော်သည် ဤလောကမြေကြီးပေါ်သို့ လူ့ဇာတိခံယူဖို့ရန် မဆင်းသက်လာခင် အချိန်ကပင် ဤကမ္ဘာမြေကြီးအား သူ့လက်တော်ဖြင့် ဖန်ဆင်းခဲ့ပြီး ဖြစ်ပါသည်။သူ့လက်များဖြင့် နေလမ်းကြောင်း နှင့် နက္ခတ်တန်းများအား အာကာသ အတွင်းတွင် စနစ်တကျ စီစဉ်ထားရှိခဲ့ပါသည်။ ကောင်းကင်မှ ကြယ်စင်တန်း များကိုလဲ သူ့အစီအစဉ်နှင့်သူ နေရာချထားခဲ့ပါသည်။ ကမ္ဘာလောကကြီးပေါ်သို့ မြင်သာသော အလင်းရောင် ရရန်နှင့် သင့်တော်သော အနွေးဓါတ်ရရှိစေရန် (သို့) ကမ္ဘာကြီးပေါ်မှ သက်ရှိလူသားများနှင့် တိရိစ္ဆာန်များ အသက်ရှင်နေထိုင်နိုင်ရန် ခရစ်တော်သည် နေမင်းကြီးအား မီး တောင် ရှို့ပေးခဲ့ပြီး အပူချိန်ကိုလည်း တသမတ်တည်း ဖြစ်အောင် ချိန်ညှိပေးခဲ့ပါသည်။ အပြောကျယ်လှသော သမုဒ္ဒရာမှ လှိုင်းတံပိုးများကိုလဲ ကန့်ကြိုး ဆင် ပေးခဲ့ပါသည်။




**❋ သူ့ ရဲ့သန့်ရှင်း လက်ချောင်းတွေ ၊ သစ်တောကြီးကို ဖန်ဆင်းပေး၊**
**မြေမှာ ရှင်သန်ပေါက်တဲ့ ဆေး ၊ သူ့ နှုတ်ကို ထိုးဖောက် စူး။**
**– သူဖန်ဆင်းတဲ့ ဘောတန်းဟာ ၊ နွေဦးရာသီ ဖေါဖေါ်ပါ**
**သန့်ရှင်းစွာ မဖေါ်ဆဲ ၊ သစ်တိုင်ပေါ်မှာ ရိုက်တွဲခဲ့။**
**❋ ကြက်ခြေခတ်သည့် ကားတိုင်မှာ ၊ သူ့ရဲ့ ဝိညာဉ် ကြွေရှာ**
**သူ့ရဲ့ ဇာတိ သက်သေခံဖို့ ၊ သူ ဖန်ဆင်းသည့် လူသတ်ကုန်း။**
**– သူ့မျက်နှာပေါ် အပြစ်မှုထောင် ၊ နေမင်းအလင်းရောင် ပျောက်ကွယ်ရှောင်**
**ကောင်းကင်ကြီးက မဲမှောင်စိမ်း၊ ကမ္ဘာ လောက မြည်တုန်လှိမ်း။**
**❋ ဂမည်းတော်ရဲ့ အမျက်ဒေါသ ၊ သူ့နံဘေးမှာ လှံ ထိုးရှ၊**
**သူ ဖန်ဆင်းသည့် ကျောက်ဆောင်ခဲ ၊ ဂူ သင်္ချိုင်းမှာ ခန္ဓာ လဲ ။**

ဘုရားသခင်သည် အနုကြည့် မှန်ဘီလူးဖြင့်သာ တွေ့မြင်နိုင်သော နီဝုံနေသည့် ကြိုလ်များကိုသာ ဖန်ဆင်းခဲ့ခြင်း မဟုတ်ပါ။ လူသားများ စိတ်ကူး၍ ဥာဏ်မမှီနိုင်သော နဂါးငွေ့တန်းများ၏ အတွင်းပိုင်း နေရာများကိုပါ အသေးစိတ် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သူသည် နက်နဲကျယ်ပြန့် ဆန်းကြယ် ကြီးမားသော စကြဝဠာကြီးအား ဖန်ဆင်းခဲ့ပါသည်။ ထို့အပြင်သူသည် ကျွန်ုပ်တို့ လူသားများ စိတ်မဝင်စားသော၊ အမှတ်မထားမိသော သေးနုတ်လှသည့် အင်းဆက်ပိုးမွှား ကောင်လေးများ တစ်ကောင်ချင်းကိုပင်လျှင် ဖန်ဆင်းခဲ့ပါသည်။ တောနှင်းပန်းလေး၏ ပွင့်လွှာချပ်ကိုလဲ အရောင်တင် ဆေးခြယ်ခဲ့ပါသည်၊ ဝင်ရိုးစွန်းဒေသများမှ လက်ရာမြောက်လှသည့် နှင်းလွှာချပ်ကြီးများကိုလဲ ဖန်ဆင်းခဲ့ပါသည်။ သူသည် သင်နှင့် ကျွန်ုပ်တို့၏ မျက်စိဖြင့် နေ့စဉ်မြင်တွေ့နေရသော တောက်ပသည့်အရာများ၊ လှပသည့် အရာများ၊ သေးငယ်သည့် အရာများ၊ ကြီးမားသော အရာများအားလုံးကို ဖန်ဆင်းခဲ့သည့် တပါးတည်းသော ဖန်ဆင်းရှင်ဖြစ်ပါသည်။ သူသည် ခမ်းနား ထယ်ဝါလွန်းသော ဂုဏ်အသရေနှင့် ပြည့်စုံသည့် တန်ခိုးကြီးမားသော ဘုရားဖြစ်ပါသည်။ သူမွေးဖွားလာခြင်း (လူ့ဇာတိခံယူခြင်း) သည် လူသားများ၏ အချိန်ကာလ ကို နှစ်ပိုင်း ခွဲခြားသွားစေခဲ့ပါသည်။

သူ၏ သာသနာလုပ်ငန်းနှင့် နိမိတ်လက္ခဏာများက သူသည် ခွန်အားတန်ခိုးကြီးမားသော ဘုရားဖြစ်ကြောင်း သက်သေတူခဲ့ပါသည်။ သူ၏ သွန်သင်ချက် ဒေသနာများက မဖျက်ဆီးနိုင်သော အမှန်တရားများကို ထုံသွင်းထားသောကြောင့် အလွယ်တကူ ပျောက်ပျက်မသွားနိုင်သလို လူသားများအလွယ်တကူ မမေ့ပျောက် မသွားနိုင်အောင် တန်ခိုးကြီးမားလှပါသည်။ သူ၏ အသေခံခြင်းက ကျွန်ုပ်တို့အား ငရဲမှလွတ်စေခဲ့သလို သူ့အားယုံကြည်လက်ခံ သူတိုင်းအတွက် ကောင်းကင်ဘုံ စည်းစိမ်နှင့် ကောင်းကင်ဘုံ အမွေဥစ္စာ များကိုပါ ပြင်ဆင်ပေးခဲ့ပါသည်။ အသေခံရာမှ ရှင်ပြန်ထမြောက်ခဲ့ခြင်းသည် သူ၏ ခွန်အားတန်ခိုးကြီးမားသော ဖြစ်အင်ကို မီးမောင်း ထိုးပြခဲ့ပါသည်။

**ခွန်အားကြီးရှင် မြတ်သခင်၊ စကြဝဠာက ဖန်ဆင်းရှင်**
**ဓားနည်းပေတ်သူ ကျွန်ုပ့် စာသက်ဓား၊ လက်တော်မြတ်နဲ့ ဆွဲကိုင်ထား ။ ။** [ မင်းအောင်ယက်လွင် ]

# အမေ့ကိုပြောပေးပါ



မငိုပါတော့နဲ့ အမေရယ်၊ မငိုပါတော့နဲ့နော်။ သားလေး မဆိုးမိုက်တော့ပါဘူး။ အမေငိုလို့ ကျခဲ့တဲ့မျက်ရည်တွေဟာ တကယ်တမ်းတွေးကြည့်ရင် သားလေးရဲ့ ဘဝကို ဆိုးသော ဇရဲကို ပို့နေသလိုပါဘဲ။ ဟုတ်တယ်အမေ၊ အမေ့သားဟာ အမေ့အတွက် အား မဖြစ်ခဲ့ဘဲ၊ ကျား တစ်ကောင်လို ဆိုးသွမ်းလွန်းအားကြီးလို့ ထိတ်တဆိတ် ကျခဲ့ရတဲ့ အမေ့ရဲ့ မျက်ရည်၊ သားရှာခဲ့တဲ့ ပြဿနာမှန်သမျှ မျက်ရည်ခံထိုးပြီး လိုက်ဖြေရှင်းပေးခဲ့တာတွေ။ ဒါတွေကို သိခဲ့ပေမဲ့ အပေါင်းအသင်းတွေကြားမှာ ပေးလားဝါးလားနဲ့ ဘဲ အချိန်ကုန်နေရင်း အမေ့ကို သနားရမှန်း မသိနားမလည်ခဲ့ပါဘူး။

ခွင့်လွှတ်ပါ အမေရယ်။ မငိုပါနဲ့တော့ အမေရယ်။ မငိုပါနဲ့တော့၊ သားလေးသိတတ်ခဲ့ပါပြီ။ နုပျိုနေတဲ့ အမေ့ရဲ့ ရုပ်ရည်ဟာ အရွယ်နဲ့ မလိုက်အောင် ရင့်ရော်သွား ရတာတွေဟာ၊ သားအတွက်ကြောင့်ဘဲ မဟုတ်လားဟင်။ စိတ်ထောင်းတော့ ကိုယ်ကြေ ဆိုသလို အရွယ်မတိုင်ခင် အို ရုပ်ပေါက်လာခဲ့ရတာဟာ သားအတွက်ကြောင့်ဘဲ မဟုတ်လား။ သားအတွက်ကြောင့် ဘယ်သူ့ကို မဆို အောက်ကျခံပြီး ပြောဆိုခဲ့ရပေမဲ့ သားရဲ့ ရှေ့မှောက်မှာ ဘာမှ မဖြစ်သလို အားပေး အပြုံးနဲ့ အမေ နေနိုင်တယ်နော်။

ညဘက်တွေဆိုရင် သားပြန်မလာမချင်း သမွာကျမ်းစာ ဖတ်ရင်း သား အတွက် ဘေးအန္တရာယ်ကင်းဖို့ ဘုရားသခင်ဆီမှာ ဆုတောင်းဆက်ကပ်ခဲ့တာ တစ်ရက်မှ မပျက်ခဲ့ဖူးနော်။ သားအတွက် စုံစမ်းခြင်းကတွေကင်းပြီး ကိုယ်တော် ရှင်ရဲ့ ခြေတော်ရင်းကို တိုးဝင်နိုင်လို့နိုင်ဖို့အတွက် အစာရှောင် အစိဌာန်နဲ့ ဆုတောင်းဆက်ကပ်ခဲ့တာလဲ အကြိမ်ကြိမ်။ မငိုပါနဲ့တော့ အမေရယ်၊ သားလေး လူမလောက် ဖြစ်ခဲ့ရပါပြီ။

အမေ့ကို မတွေ့နိုင်တဲ့ သားဘဝမှာ အမေသာဘဲ အမေ၊ အမေသာဘဲ အမေပါ။ သားကို မြဲမြဲမတတ် ချစ်တဲ့ အချစ်တွေနဲ့ အမေ့မေတ္တာကိုပြခဲ့ပေမဲ့ သားကတော့ မိုက်မဲတဲ့ အရပ်မှာ ပြုံးပြုံးကြီးနဲ့ ပျော်နေခဲ့တယ်။ ဈေးတန်းလေး ဖေါင်းပေါ်ရှုက်ပြီး ရှာကျွေးခဲ့တဲ့ အမေ့ကို သနားရမှန်း မသိခဲ့ဘူး။ နေပူကျဲကျဲမှာ ချွေးတပြိုက်ပြိုက်ကျရင်း သားသုံးစွဲနိုင်ဖို့ ခြေတိုအောင် တနေကုန် ဈေးသွက် ရောင်းခဲ့ရပေမဲ့ ညနေအိမ်ပြန်ချိန်ကျရင် သားကို တွေ့လိုက်ရတဲ့အခါ ရင်ထဲက အမော၊ ပြင်ပက အမောတွေ အားလုံး ပြေသွားတယ်လို့ ဆိုတတ်တဲ့ အမေပါ။ တစ်ခါတစ်လေ လမ်းပေါ်မှာ သားနဲ့တွေ့ရင် အမေ့ရဲ့ မျက်နှာဟာ ပင်ပန်းတဲ့ ကြားကနေ တက်ကြွတဲ့ အပြုံးတွေ ပေါ်လာတတ်တယ်နော်။ ဒါပေမဲ့ အမေရယ်၊ သားအတွက်ကတော့ တကယ့် ငရဲလို ခံစားရတယ်။ သူငယ်ချင်းတွေကြားမှာ အရှမ်းသိမ်ငယ်သွားသလိုဘဲ ဈေးသည်မရဲ့သား ဆိုတာကို သူများတွေ သိသွားမှာ သိပ်ကြောက်မိတယ်။ အမေနဲ့ လမ်းမှာတွေ့ရင် အနီးဆုံး လမ်းကြားထဲပြေးဝင်ပြီး ရှောင်နေမိတယ်။ ရှောင်လို့ မရတဲ့ နေရာတွေမှာ အမေ့ကို မသိသလို၊ မမြင်သလို မျက်နှာလွှဲခဲ့တယ်။ ဒီအပြုအမူတွေက အမေ့ရင်ကိုခွဲ အသည်းကိုထုတ်လိုက်သလို ခံစားရတယ် ဆိုတာကိုလဲ သားကရှမမိုက်ခဲ့မိဘူး။ ခုတော့ အမေရယ် ...

မှတ်မိသေးတယ်၊ အမေ။ ကောင်းတဲ့အစားအစာဆိုရင် သားကိုကျွေးပြီး အနားကနေ "စားကောင်းလား၊ ကောင်းရင် အကုန်လုံးစားလိုက် အမေ မဆာသေးဘူး" ဆိုပြီး ဘေးနားကနေ ပြုံးပြုံးကြီး ပြောတတ်တဲ့အမေ၊ သားအတွက် ဆိုရင် ကတ္တီပါ ဖိနပ်လေးဝယ်ပေးပြီး၊ အမေကိုယ်တိုင်က မြင်းကြွယ် ဖင်ပြဲဖြတ် ကလေးနဲ့ အမြတ်တမ်းပေါ့ပါး ဖျတ်လတ်နေတဲ့ အမေ။ ညအိပ်ရင်လဲ တစ်ချပ် တည်းသော ဖျာလေးကို သားအတွက် ခင်းထားပေးပြီး အမေက ပုဆိုးစုတ်လေးနဲ့ ရှောင့်ရဲ နေတတ်တယ်။ သားအတွက် အမေ့မှာ ပေးစရာ တန်ဖိုးကြီးကြီးမားမား ဘာမှ မရှိခဲ့ပေမဲ့။ အနှိုင်းမဲ့တဲ့ အမေ့ရဲ့ မေတ္တာကို သားအတွက် အသက်နဲ့ ရင်းပြီး ပေးခဲ့တာလား အမေရယ်။

ဟုတ်တယ်အမေ။ အဲဒီနေ့က သားတို့သူငယ်ချင်းတစ်စု၊ မှုမှုနဲ့ ဘာမှ မဟုတ်တဲ့ အကြောင်းအရာတစ်ခုအတွက် စကားများကြရင်း ခြေတွေ လက်တွေ ပါလာကြတယ်။ အဲဒီအချိန်မှာ အမေကလဲ ဈေးတန်းလေး ရွက်ပြီး လျှောက်အလာ၊ ရန်ဖြစ်တဲ့ အထဲမှာ သားကိုတွေ့ရင်ဘဲ အမြဲတမ်းသားအတွက် စိုးရိမ်တတ်တဲ့ အမေက သားကို ဝင်ဆွဲတယ်လေ။ အမေသားဆီ ပြေးဝင်လာတဲ့အချိန်မှာ အုတ်ခဲပိုင်း တစ်ခုကလဲ သားဆီ အရှိန်နဲ့ဝင်လာတယ်။ ဖြုန်းကနဲ ရုတ်တရက်မှာ အမေ့ကို တွေ့လိုက်ရလို့ ကြောင်နေတဲ့ အချိန်မှာ အမေက သားကိုတွန်းထုတ် လိုက်တဲ့အတွက် အဲဒီ အုတ်နီခဲက အမေ့ရဲ့ နားသယ်ကို ထိပြီး အမေ လဲကျ သွားတယ်။ ရန်ဖြစ်နေတဲ့လူတွေလည်း ကြောက်လန့်ပြီး ထွက်ပြေးသွားကြတယ်။ သား သတိရလို့ အမေ့ကို ပြေးမွေ့တော့ အမေက "သား ဘာဖြစ်သွားသေးလဲ" တဲ့။ ဝေဒနာ ကြားထဲကနေ သားအတွက် စိုးရိမ်နေသေးတဲ့ အမေ့ရဲ့ မျက်နှာကို ဒီနေ့အထိ သား မေ့မရပါဘူး အမေ။

အမေ့ကို ဆေးရုံပို့ခဲ့ပေမဲ့ သားတို့ တိုက်နယ် ဆေးရုံဆိုတာ ဆေးဝါးက မစုံ၊ ဆရာဝန်က ရှား ဆိုတော့။ မကြွေသင့်ဘဲ အမေ ကြွေခဲ့ရတယ်လေ။ သား ဘယ်လို ဖြေလို့ရမှာလဲ အမေရယ်။ သားအတွက် နောက်ဆုံးဆန္ဒလေးနဲ့ အမေ့ရဲ့ အမှာ စကားလေးကို မေ့လို့မရဘူး အမေ။ ဘာတဲ့ – "လိမ္မာပါ သားရယ်"တဲ့။ သား ကတိပေးပါတယ် အမေ။ ဒါပေမဲ့ အမေ ကြားနိုင်ပါ့မလားဟင်။ မငိုပါနဲ့တော့ အမေရယ်။ အမေ ဖြစ်ချင်၊ အမေ မြင်ချင်တဲ့ သားလိမ္မာတစ်ယောက် ဖြစ်အောင် သား ကြိုးစားနေပါတယ်။ အမေတစ်ခု၊ သားတစ်ခု ဘဝမှာ တွယ်တာစရာ ဘာမှ မရှိခဲ့၊ ပေးစရာ ဘာမှ မရှိခဲ့ပေမဲ့ အမေ ညတိုင်း ဖတ်နေကျ သမ္မာကျမ်း စာအုပ် လေးဟာ အခုဆိုရင် အမေ့ရဲ့ တစ်ခုတည်းသော အမွေအဖြစ်နဲ့ သားရဲ့ အဖော်မွန် ဖြစ်နေခဲ့ပြီ အမေ။

သခင်ခရစ်တော်ဟာ လူသားတွေအတွက် သူ့ရဲ့ အသက်၊ သွေး၊ ခန္ဓာ ကို လက်ဝါးကပ်တိုင်မှာ ပေးဆပ်ပြီး အပြစ်ကြွေးအားလုံးကို သူတစ်ယောက်တည်း ခံယူခဲ့တာကို သားဖတ်လိုက်ရတယ် အမေ။ သူ့အကြောင်းကို သားက အခုမှ သိ လိုက်ရသလို မသိသေးတဲ့ သူတွေ အများကြီး ရှိမယ်ဆိုတာ သား စဉ်းစားမိတယ်။ ဒီသတင်းကောင်းကို သား သိပ်ပြောပြချင်နေတယ်။ ဒါကြောင့် ညအိပ်ယာဝင်တိုင်း အလိုတော်ရှိရင် အသုံးပြုဖို့ သား ဆုတောင်းဆက်ကပ်မိတယ် အမေ။ ဘုရား သခင်ရဲ့ ဆောင်ရွက်ချက်က အံ့မခန်းနိုင်အောင် ဆန်းပြားလွန်းပါတယ် အမေ။ ကိုယ်တော်ရှင်က သားရဲ့ ဆုတောင်းသံကို နားညောင်းပြီး အသုံးချခဲ့တယ်။

ရန်ကုန်က ဇေဝေလီ ဆရာသမားတွေရောက်လာပြီး တောင်တန်း သာသနာပြုဖို့ ကိုယ်ကျိုးစွန့် ဝန်ထမ်းတွေ အလိုရှိတယ်၊ ဆန္ဒရှိရင် လျှောက်ထား နိုင်တယ် ဆိုလို့ သားတို့ နယ်က ၁၀ယောက် အရွေးခံရတယ်။ ကျန်းမာရေး အခြေအနေအရ ၃ ယောက်ကျန်ခဲ့ပြီး၊ သားတို့ ၁၅ ယောက် ကိုယ်တော်စေရာ ကို သွားနိုင်ခဲ့တယ်။ ရောက်ခဲ့တဲ့ အရပ်တွေမှာ သခင်ယေရှုအကြောင်း သက်သေခံ ခွင့်ရခဲ့တယ်။ ခရစ်တော်ကို မသိသေးသူတွေကို သိအောင်ပြောခွင့်ရခဲ့တယ် အမေ။ အခုဆိုရင် သား လုပ်ဆောင်ခဲ့တာတွေကို အမေသိရင် ဝမ်းသာလွန်းလို့ ငိုနေမှာလား အမေရယ်။ အမေ ဘယ်ရောက်နေလဲဟင်။ အခုအချိန်မှာ အေးမြတဲ့ အမေ့ရဲ့ အပြုံးတွေကို မြင်လိုက်ရရင် သားအတွက် ခွန်အားတွေ တိုးလာမှာ အမှန်ပါဘဲ။

မငိုပါနဲ့တော့ အမေရယ်။ မငိုပါနဲ့တော့နော်။

( ဤ စာစောင်ကို ဖတ်မိသောသူများ ကျွန်တော့် ရဲ့ အမေကို တွေ့ရင်ပြောပေး ကြပါဗျာ။ ကျွန်တော် မဆိုး မမိုက်တော့ပါဘူးလို့ ...)

ကျေးဇူးတင်လျက် - - **မေးမေး(အင်းစိန်)** Blue Star Brother